# ဒေါ်အောင်ဆန်းစုကြည်၏ထုတ်ပြန်ချက်ကို ဂျပန်ရောက်မြန်မာများ အပြည့်အဝထောက်ခံ

နိုဝင်ဘာ ၈ ရက်နေ့က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာ အီဘရာဟင်ဂမ်ဘာရီမှတဆင့် စင်္ကာပူနိုင်ငံတွင်ပြန်လည်ကြေငြာခဲ့သော အမျိုးသားခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားထုတ်ပြန်မှုကို ဂျပန်နိုင်ငံရောက် မြန်မာလူမျိုးများနှင့် တိုင်းရင်းသားညီအကိုမောင်နှမများမှ အပြည့်အဝထောက်ခံကြောင်း ပြသသည့်အနေဖြင့် နိုဝင်ဘာ ၂၅ ရက်(တနင်္ဂနွေနေ့)၊ နေ့လယ် ၃း၀၀ နာရီတိတိမှ ၅း၀၀ နာရီအထိ အိခဲဘုခုရို၊ အဲကိုတိုရှိမား ပလာဆာ ၈ ထပ်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားကို အလေးပြုခြင်း ၃ ရပ်နှင့်စတင်ခဲ့ပြီး သဘာပတိအဖွဲ့ဝင်ဖြစ်သူ ချင်းတိုင်းရင်းသား ဂိုခန်းလျံမှ အဖွင့်အမှာစကားပြောကြားပေးခဲ့က၊ ကိုသန်းဆွေ(မြေနီကုန်း)မှ ကျင်းပရခြင်းရည်ရွယ်ချက် ကို ပြောကြားပေးခဲ့ပါတယ်။



(ဝဲမှယာ)အခန်းအနားမှူး ခန်းဒါအောင်လီ၊ သတိပတိအဖွဲ့ဝင်များ–ကိုသန်းဆွေ(မြေနီကုန်း)၊ Cin Lian Thang, Go Khan Lian ဦးစောလှိုက်

ထို့နောက် ပြည်တွင်းအန်အယ်လ်ဒီပါတီရုံးတံဆိပ်ဖြင့် ဖြန့်ချိထုတ်ဝေထားသော ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားကြေငြာချက်မူရင်းကို မြောင်းမြအန်အယ်လ်ဒီစည်းရုံးရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ မခင်ခင်မိုးမှ ဖတ်ကြားပေးခဲ့ပါတယ်။


မခင်ခင်မိုးမှ ဒေါ်အောင်ဆန်းစုကြည်၏သဘောထားထုတ်ပြန်ချက်ကိုဖတ်ကြားနေပုံ(ဝဲ)နှင့် အလေးပြုခြင်း ၃ ရပ်ဖြင့် အလေးပြုနေပုံ

ဆက်လက်၍ ဂျပန်နိုင်ငံအခြေစိုက် မြန်မာ့ဒီမိုကရေစီရေးလုပ်ဆောင်နေကြသည့် အဖွဲ့အစည်းအသီးသီး၊ တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးမှ ဒေါ်အောင်ဆန်းစုကြည်၏သဘောထားကြေငြာချက်နှင့်ပတ်သက်၍ ထောက်ခံကြောင်းပြသသည့်အနေဖြင့် မိမိတို့အဖွဲ့အစည်း၏ သဘောထားထုတ်ပြန်ချက်များကို ဖတ်ကြားတင်သွင်းခြင်းများ ပြုလုပ်ခဲ့ကြသလို၊ တသီးပုဂ္ဂလိကများမှလည်း ထောက်ခံကြောင်းပြသသည့်အနေဖြင့် မိမိတို့၏ခံယူချက်သဘောထားများကိုပြောကြားခဲ့ကြပါတယ်။

အခမ်းအနားကို ကြွေးကြော်သံများဖြင့်ရုပ်သိမ်းခဲ့ပြီး အဆိုပါဒေါ်အောင်ဆန်းစုကြည်၏ သဘောထားကြေငြာချက်ထောက်ခံပွဲသို့ လူ ၁၅၀ ကျော်တက်ရောက်ခဲ့ကြောင်းပါတယ်။





(ဝဲမှယာ) ကရင်တိုင်းရင်းသားတဦးနှင့်ကချင်တိုင်းရင်းသားတဦးတို့မှ ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားထုတ်ပြန်ကြေငြာချက်ကို ထောက်ခံကြောင်း ပြောကြားနေပုံ။






(ဝဲမှယာ) ချင်းတိုင်းရင်းသူတဦးနှင့်အန်အယ်လ်ဒီအယ်အေဂျပန်အဖွဲ့ဝင်အမျိုးသမီးတဦးတို့မှ ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားထုတ်ပြန်ကြေငြာချက်ကို ထောက်ခံကြောင်း ပြောကြားနေပုံ။












(ဝဲမှယာ) မြန်မာဘုန်းတော်ကြီးတပါးနှင့်မြန်မာ့ရေးရာပြည်သူအဖွဲ့မှ ရွှေနေတဦးတို့မှ ဒေါ်အောင်ဆန်းစုကြည်၏
သဘောထားထုတ်ပြန်ကြေငြာချက်ကို ထောက်ခံကြောင်း ပြောကြားနေပုံ။






(ဝဲမှယာ) မိုးသောက်ကြယ်စာကြည်တိုက်တာဝန်ခံတဦးနှင့်ရခိုင်အမျိုးသားတဦးတို့မှ ဒေါ်အောင်ဆန်းစုကြည်၏
သဘောထားထုတ်ပြန်ကြေငြာချက်ကို ထောက်ခံကြောင်း ပြောကြားနေပုံ။





(ဝဲမှယာ) ရှစ်လေးလုံးဘားမားဒေ့ါကွန်မှတာဝန်ခံတဦးနှင့် ဘားမားကင်ပိန်း(ဂျပန်)မှ တာဝန်ခံတဦးတို့ကလည်း
ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားထုတ်ပြန်ကြေငြာချက်ကို ထောက်ခံကြောင်း ပြောကြားနေပုံ။

# ဒေါ်အောင်ဆန်းစုကြည်သဘာထားထုတ်ပြန်ကြေငြာချက်ကို ထောက်ခံကြောင်း တက်ရောက်ခဲ့သည့်အဖွဲ့အစည်းများ

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ–ဂျပန်ဌာနခွဲ)(NLD-LA Japan Branch)
၂။ မြန်မာနိုင်ငံသားအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်(ဂျပန်ပြည်)(FWUBC-Japan)
၃။ ပြည်ပရောက်ကရင်အမျိုးသားများအဖွဲ့အစည်း(OKOJ)
၄။ ကချင်အမျိုးသားဒီမိုကရေစီသမဂ္ဂ(DKN)
၅။ ချင်းတိုင်းရင်းသားအဖွဲ့အစည်း(ဂျပန်)(CNC-Japan)
၆။ ပုညကာရီမွန်အမျိုးသားအဖွဲ့(ဂျပန်)(PMNS)
၇။ ပလောင်အမျိုးသားအဖွဲ့အစည်း(PNS)
၈။ နာဂအမျိုးသားအဖွဲ့အစည်း(NNS)
၉။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်(ပြည်ပ–ဂျပန်)(ALD-Exile-Japan)
၁၀။ ကရင်အမျိုးသားအဖွဲ့(ဂျပန်)(KNL)
၁၁။ ကရင်အမျိုးသားများအစည်းအရုံး(ဂျပန်)(KNU-JP)
၁၂။ ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက်ပါတီ(လွတ်မြောက်နယ်မြေ)(KNCD-LA)
၁၃။ မိုးသောက်ကြယ်စာကြည့်တိုက်
၁၄။ ရှစ်လေးလုံးဘားမားဒေ့ါကွန်(8888burma.com)
၁၅။ ဘားမားကင်းပိန်း(ဂျပန်)(BCJP)

